TOA

# အတုအပသတိပေးချက်

## TOA အတုအပနှင့် ပတ်သက်ပြီး သုံးစွဲသူများကို အသိပေးချက်

သင် က TOA ထုတ်ကုန် အစစ်အမှန် များကို သာ ဝယ်ယူမိဖို့ သေချာစေရန် TOA က အသိအမှတ်ပြုထားသည့် လက်လီ။ လက်ကား ကိုယ်စားလှယ်များ သို့မဟုတ် တဆင့်ပြန်ရောင်းသူများကသာ တိုက်ရိုက်ဝယ်ပါ။

ကျွန်ုပ်တို့ က TOA အသံချဲ့စက်များ ။ မောင်းနှင် ယူနစ်များ နှင့် မိုက်ကရိုဖုန်းများကို အရှေ့အာရှ ရှိ တရားဝင်မဟုတ်သော ဖြန့်ဝေသူများ နှင့် တဆင့်ခံရောင်းသူများ က ရောင်းချထားသော TOA ကုန်အမှတ် တံဆိပ်များကို သုံး၍ အတုပြုလုပ်မှု များ ရှိနေကြောင်း မကြာခင်ကသိရှိခဲ့ပါသည်။

၎င်း ကုန် ပစ္စည်းများက TOA ကုန်အမှတ် တံဆိပ်များကို တပ်ထားသော်လည်း မူရင်း TOA ပစ္စည်းများထက် ဈေး သက်သာ ပြီး အပြင်ပန်းကြည့်ပါက မူရင်းပစ္စည်း နှင့် အတော်ဆင်တူပါမည်။ သို့သော် အရည်အသွေး။ အတွင်းအစိတ်အပိုင်းများ နှင့် လုပ်ဆောင်ရည်တွင် ကျွန်ုပ်တို့ ၏ အဆင့်အတန်း ကို မမှီပါ။ ၎င်း ကုန် ပစ္စည်းများက အစိတ်အပိုင်းများသို့မဟုတ် လုပ်ဆောင်ရည်ပိုင်းတွင် ဘေးကင်းရေး ဆိုင်ရာ စည်းမျဉ်းများနှင့် ကိုက်ညီ မည် မဟုတ် ပါ။ အတုအပများ ကို အသုံးပြုချင်းက ဆက်စပ်နေသော စနစ် များ နှင့် အခြားကရိယာ များကိုလည်း ပျက်စီးစေနိုင်ပါသည်။

TOA

## အတုအပများကို ဘယ်လို ရှောင်ကြဉ်မည်နည်း

1. အတုအပများမဝယ်မိစေရန် TOA က အသိအမှတ်ပြုထားသည့် လက်လီ။ လက်ကား ကိုယ်စားလှယ်များ သို့မဟုတ် တဆင့်ပြန်ရောင်းသူများကသာ တိုက်ရိုက်ဝယ်ပါ။ သင်၏ ဒေသရှိ အသိအမှတ်ပြုထားသည့် လက်လီ။
2. ရောင်းသူ တဦး ဦး က TOA စက်ရုံ များ သို့မဟုတ် ကိုယ်စားလှယ် များနှင့် တိုက်ရိုက် အဆက်ရှိပြီး သင် လက်လီ။ လက်ကား ကိုယ်စားလှယ်များ မှ ပုံမှန် ရရှိနိုင်သည့် လျှော့ဈေးထက် ပိုမိုရရှိ မည် ဟု ကမ်းလှမ်းပါက သတိထားပါ။ အဆိုပါ သံသယဖြစ်ဖွယ် အရင်းအမြစ်များမှ အွန်လိုင်းဖြစ်စေ သို့မဟုတ် တိုက်ရိုက်ဖြစ်စေမဝယ်ပါနှင့်။
3. အထုတ်ပြန်ထုပ်ထားသည့်။ ပြန်သုံးထားသည့် သို့မဟုတ် တနည်းနည်းဖြင့် ပြ ပြုပြင်ထားသည့် အရာများကို မဝယ်ပါနှင့်။

## အမှတ်တဆိပ်အမည်ကာကွယ်ပေးခြင်း

ကျွန်ုပ် တို့ သုံးစွဲသူများကို အဆင့်မြင့် အရည် အသွေးမီ ထုတ်ကုန် များပေးရန် တ န်ဖိုးထားပါသည်။အတုအပများ ကို ဥ ပဒေဖေါက်ဖျက်မှု ။မှတ်ပုံတင်ထားသော တံဆိပ် ကို ချိုးဖျက်မှု ။ အသိဉာဏ် ဖက်ဆိုင်ရာ ပိုင်ဆိုင်မှု အခွင့် အရေးများကို ချိုးဖေါက်မှု အဖြစ်သတ်မှတ် ပါသည်။ ကျွန်ုပ်တို့ က သတိပေးစာ ပေးခြင်း ။ ကျူးလွန် သူများကို အရေးယူရန် အာဏာပိုင်များကို တိုင်ကြားခြင်း လုပ်ရန် ဝန်လေးမည်မဟုတ် ပါ။ လိုအပ်ပါ က အ ဆိုပါ တရားမဝင် အတုပြုလုပ်သူများ နှင့် ဖြန့် ချိသူများကို တင်းကြ ပ်သော ဥပဒေပိုင်းဆိုင်ရာ အရေးယူဆောင်ရွက် မှုများ ပြုလုပ်မည်ဖြစ်သည်။ ထို့အပြင်

အောက်ပါ တောင်းဆိုချက်များအတွက် သင်၏ နားလည်မှု နှင့် အကူအ ညီ ပေးမှု ကို အလေးထားပါသည်။

1. အသိအမှတ်ပြုထားသည့် လက်လီ။ လက်ကား ကိုယ်စားလှယ်များ သို့မဟုတ် တဆင့်ပြန်ရောင်းသူများ မှ အရည်အသွေးမပြည့် မီ သည့်ထုတ်ကုန် များကို ကျွန်ုပ်တို့ ရောင်းမည်မဟုတ်ပါ။
2. ပစ္စည်းအတုများနှင့် TOA ပစ္စည်းအစစ် များ တွဲသုံးခြင်းကြောင့် ဖြစ်ပေါ် သည့် စနစ်ပိုင်းဆိုင်ရာ တစိတ်တပိုင်းဖြစ်စေ သို့မဟုတ် အပြည့်အဝဖြစ်စေ ပျက်စီးဆုံးရှုံးမှု များအတွက် TOA က လုံးဝတာဝန် ယူမည်မဟုတ် ပါ။
3. တစုံ တဦးက သင့် ကို TOA ပစ္စည်း အတုများရောင်း ချရန် ကြိုးစားပါက ကျွန်ုပ်တို့ ၏ အရောင်းကိုယ်စားလှယ် ကို အမြန်ဆုံးဆက်သွယ်ပါ။

ကျွန်ုပ်တို့ က သင်။ သုံးစွဲသူများကို အတုအပများ တိုက်ဖျက်ရေးအတွက် သိထားသော သို့မဟုတ် သံသယရှိသော အတုအပ များကို အောက် ပါ အီးမေးလ် လိပ်စာ support@toa.com.sg အတိုင်း တိုင်ကြားရန် တိုက်တွန်း ပါသည်။ TOA က အတုအပများဖြန့်ဝေခြင်းကို တိုက်ဖျက် ရာတွင် သင်၏အကူအညီ ကို တန်ဖိုး ထားပါသည်။

ဤ စာ စောင်ကိုဖတ်ကြည့်သည့်အတွက် နှင့် သုံးစွဲသူများ ကအတွေ့ အ ကြုံ ဆိုးများ မရရှိစေရေး အတွက် ကျွန်ုပ်တို့၏ ကြိုးပမ်းမှု များကို သင်၏ အားပေးမှု အတွက် ကျေးဇူးတင်ရှိပါသည်။